ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -8/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့၊ ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ မိုင်ခေါင်ကျေးရွာအနီးရှိ ခိုင်ရိမ်းပါ၌ စကစ၏ စစ်လက်နက်များနှင့် ရိက္ခာတင်ဆောင်လာသည့် စစ်ကား(၂)စီးကို ကချင်လွတ်လပ်ရေးတပ်မတော် KIA မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ ကား(၁)စီး ပျက်စီးသွားပြီး စကစတပ်သားအချို့ သေဆုံးခဲ့သည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝါဒိန်ကျေးရွာနှင့် ဆောင်ဝကျေးရွာ ကြားတွင် စကစတပ်များ တပ်စွဲထားသည့်နေရာ၌ CDF-Paletwaနှင့် CNA ပူးပေါင်းအဖွဲ့နှင့် စကစ တို့ မိနစ်(၃၀)ခန့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စကစတပ်သား (၁) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ရှောက်ခါးကျေးရွာ နှင့် ဘောင်းကျ ကျေးရွာ၌ ဝင်ရောက်စခန်းချခဲ့သည့် စကစ တပ်သားအင်အား (၈၀)ခန့်အား အရာတော်မြို့နယ် ပကဖ ၊ ရွှေဘိုမြို့နယ်ပကဖ တပ်ပေါင်းစု (၂) ၊ မဟာမိတ်များစုပေါင်းပြီး မိုင်းဆွဲတိုက်ခိုက်ခြင်း၊ Drone ဖြင့် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ရာ စကစ တပ်သား (၇)ဦး သေဆုံးခဲ့ပြီး (၁၅)ဦး ဒဏ်ရာရရှိခဲ့ပြီး တော်လှန်ရေး အင်အားစုမှ Drone (၁)စီး ပျက်စီးသွားသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်၊ တမူး-အောင်ဇေယျ ကားလမ်းပိုင်း၌ တမူးမြို့မှ လာသည့် စကစ တပ်သားများနှင့် ပျူစောထီးများကို တမူးခရိုင် PDF တပ်ရင်း (၁) ၊ တပ်ရင်း (၂) တို့မှ တိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၃)ဦး သေဆုံးခဲ့သည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ခါကျင်ကျေးရွာနှင့် ရှစ်ခုကျေးရွာများအား စကစ၏ ကပစ-၁၄ မှမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ နေ့လယ်ပိုင်း၌ မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ အနောက်ဘက်ပိုင်းသို့ စကစ၏ ကပစ-၁၄ မှလက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ နေ့လယ်ပိုင်း၌ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ရေကျော်ရွာ အနောက်ဘက်ပိုင်းသို့ စကစမှ အင်အား ၃၀ခန့် တောနင်းရှာဖွေခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ရာ အိမ်ခြေ-၁၀၀ ကျော် မီးလောင်ကျွမ်းသွားကြောင်းနှင့် နယ်မြေခံပြည်သူများ တောတောင်များထဲသို့ ထွက်ပြေးနေရကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ လေးတိုင်ရွာအား စကစမှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၌ PDFကို ထောက်ပံ့သည်ဟုစွပ်စွဲ၍ မိခင်ဖြစ်သူကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး အသက်(၃)နှစ်အရွယ် ကလေးတစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားရာ အသက်အန္တရာယ်အတွက် စိုးရိမ်ရကြောင်း သိရသည်။

ဧရာဝတီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်တွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး နောက်ပိုင်း စကစမှ ဖမ်းဆီးထိန်းသိမ်းထားသည့် ဆယ်တန်းကျောင်းသူ အပါအဝင် အမျိုးသမီး ၅ ဦးခန့် အနက်မှ ဧပြီလ ၇ ရက်နေ့ ကျွန်းကုန်းကျေးရွာနေသူ မနန္ဒာ ကို ပုဒ်မ ၅၀၅ ဖြင့်ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်အကျဉ်းထောင်တွင် မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအနက် ကိုဇော်ကြီးနှင့် ကိုစိုးခန့်ဦး၊ ဒါးက မှ ဦးဇော်သိန်းတို့ကို ဧပြီလ ၅ ရက်နေ့က ထောင်တွင်းတရားရုံးမှ ၅၀၅(က)ဖြင့် ထောင်ဒဏ် ၂ နှစ်စီ ချမှတ်လိုက်ကြောင်း သိရသည်။